# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 9, 2022 Volume 51, Number 7


**၉.၂.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၁ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၁၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၉၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံမှ ဆန်ဖြူတန်ချိန် (၁) သိန်း တင်သွင်းဖို့ သီရိလင်္ကာနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဆုံးဖြတ်၊ တစ်ကြိမ်လျှင် တန် (၂) သောင်း တင်သွင်းမည်ဖြစ်ပြီး ဆန်တစ်တန်ကို ကန်ဒေါ်လာ ၄၄၅ ဖြင့် တင်သွင်းရန် စီစဉ်ထား

သီရိလင်္ကာကုန်သွယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံမှ ဆန်ဖြူတန်ချိန် (၁) သိန်း တင်သွင်းဖို့ဆုံးဖြတ်လိုက်ကြောင်း ဒေသတွင်း သတင်းဌာနအချို့က ရေးသားကြပါတယ်။ ပြည်တွင်းမှာ ဆန်ဈေးနှုန်းမြင့်တက်နေမှုကို ထိန်းချုပ်လိုတာကြောင့် မြန်မာနိုင်ငံမှ ဆန်တင်သွင်းတာဖြစ်ကြောင်း ပြောကြားထားပြီး သီရိလင်္ကာကုန်သွယ်မှု(အထွေထွေ) ကော်ပိုရေးရှင်းကတစ်ဆင့် တင်သွင်းဖို့စီစဉ်ထားပါတယ်။

ဆန်(မက်ထရစ်)တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၄၅ နဲ့ တင်သွင်းဖို့ ဆုံးဖြတ်ထားကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပြီး တစ်ကြိမ်လျှင် တန် (၂) သောင်း တင်သွင်းမှာဖြစ်ကာ ဈေးကွက်အတွင်း တဖြည်းဖြည်းချင်း ရောင်းချပေးသွားမှာလည်း ဖြစ်ပါတယ်။

ဆန်တင်သွင်းမှုအတွက် လိုအပ်တဲ့နိုင်ငံခြားငွေကို ဗဟိုဘဏ်(သီရိလင်္ကာ)ကို ထုတ်ပေးဖို့ ကုန်သွယ်ရေးဝန်ကြီးဌာနဘက်က တောင်းဆိုထားတယ်လို့ ပြောပါတယ်။ သီရိလင်္ကာနိုင်ငံကို နှစ်စဉ် ဆန်တန်ချိန် (၁) သိန်းခွဲ တင်ပို့ရောင်းချဖို့ ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှာ နှစ်ဖက်အစိုးရချင်း သဘောတူလက်မှတ် ရေးထိုးခဲ့ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(မြန်မာ)နဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန (သီရိလင်္ကာ)တို့အကြား G to G စနစ်နဲ့ ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၃ ခုနှစ်အတွင်း နှစ်စဉ် ဆန်ဖြူတန်ချိန် (၁) သိန်းအပြင် ပေါင်းဆန်တန်ချိန် (၅) သောင်းကို ရောင်းချသွားမှာလည်း ဖြစ်ပါတယ်။

**Source: BETV Business**

## မြဝတီမြို့တွင် ထိုင်းပြောင်းတင်ကားများ ရာနှင့်ချီ၍ယာဉ်ကြောပိတ်ဆို့မှုဖြစ်နေ

မြဝတီမြို့တွင် ပြောင်းဆန်တင်ဆောင်သည့် ထိုင်းကုန်တင်ကားများ အဝင်၊ အထွက်များခြင်းကြောင့် ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တို့ တွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်နေကြောင်းသိရသည်။

မြန်မာဘက်တွင် ပြောင်းဆန်များလာတင်သည့် ထိုင်းကုန်တင်ကားများ တစ်ရက်လျှင် အစီးရေ ၂၀၀ ကျော် အဝင်အထွက်လုပ်နေပြီး ပြောင်းဆန်သိုလှောင်ရုံများရှိသည့် မြဝတီ အာရှလမ်း မြေနီကုန်းအလွန်နှင့် ကုန်သွယ်ရေးဇုန်ကြားတွင် ယာဉ်ကြောပိတ်ဆို့မှုသည် ဆိုးဆိုးရွားရွားဖြစ်နေကြောင်းသိရသည်။

ပြောင်းထွက်ရာသီဖြစ်သောကြောင့် ယခုရက်ပိုင်းအတွင်း မြဝတီမြို့ပြင်တစ်ဝိုက်၌ ထိုင်းကုန်တင်ယာဉ် အဝင်အထွက်များသည့်အတွက် ရာနှင့်ချီသည့် ယာဉ်ကြောပိတ်မှုများ နေ့စဉ်လိုလိုဖြစ်နေကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်မှစ၍ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များကို မြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းသို့အလုံးအရင်းဖြင့် တင်ပို့လျက်ရှိပြီး မြန်မာပြည်အနယ်အရပ်ရပ်မှ ထွက်ရှိလာသောပြောင်းဆန်များကို မြဝတီမြို့ အာရှလမ်းနံဘေးရှိ ကုန်လှောင်ဝင်းများတွင် သိုလှောင်ထားပြီး ယင်းပြောင်းဆန်များကို ထိုင်းနိုင်ငံဘက်ခြမ်းမှ ကုန်တင်ယာဉ်များဖြင့် လာရောက်တင်ယူနေကြခြင်းဖြစ်ကြောင်းသိရသည်။

နှစ်စဉ် ဖေဖော်ဝါရီ ၁ရက်မှ ဩဂုတ် ၃၁ရက်ထိ မြန်မာ့လယ်ယာထွက်ကုန်ပြောင်းဆန်များကို ထိုင်းသို့အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရရှိကြောင်း သိရသည်။ ထိုသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှုရသည့် ခုနစ်လတာကာလအတွင်း မြဝတီမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်လေ့ရှိပြီး အဆိုပါယာဉ်ကြောပိတ်ဆို့မှုများကြောင့် ခရီးသွားလာသူများအတွက် သာမန်ထက် အချိန်ကြန့်ကြာမှုများစွာကြုံနေရကြောင်း သိရသည်။

**Source:** http://sdtimedaily.com/

## နွေကြက်သွန်နီ ဈေးကောင်းမရခဲ့သည့်တောင်သူများ မိုးကြက်သွန်တွင်လည်း အရှုံးခံရောင်းချနေရဟုဆို



https://news-eleven.com/article/225342

နွေကြက်သွန်နီ ဈေးကောင်းမရခဲ့သည့် တောင်သူများ မိုးကြက်သွန်တွင်လည်း ဈေးကောင်းမရဘဲ အရှုံးခံပြီး ရောင်းချနေရကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

မြစ်သားနယ်ဘက်ရှိ ကြက်သွန်စိုက်တောင်သူ မြစ်သားအပင်လေးသမားများမှာ ကြက်သွန်ဈေး ၅၀၀ ကျပ် ပတ်ချာလည် ရောင်းချရသည့်သူထက် အရင်းရပြီး ၆၀၀ ကျပ် အပေါ်ဈေးနှင့်ရောင်းရသည့်သူက မြတ်ကြောင်း၊ မြင်းခြံ၊ ပခုက္ကူ၊ ရွှေဘို၊ မုံရွာဘက်မှ မိုးကြက်သွန်မှာ ၅၀၀ အောက် ဈေးကျဆင်းသွားသည့်အတွက် တောင်သူများရှုံးကြောင်း မန္တလေးမြို့ ကြက်သွန်ကုန်သည်ကြီးများထံမှသိရသည်။ “တရုတ်နှစ်သစ်ကူး အရှေ့ကစပြီး နားနေရတာ။ နှစ်သစ်ကူးသာ ပြီးသွားတာ အရောင်းအဝယ် ကောင်းကောင်းပြန်မဖြစ်သေးဘူး။ နွေကြက်သွန်နီတုန်းက တောင်သူ၊ ကုန်သည်တွေ အိန္ဒိယဝယ်လက်၊ ဘင်္ဂလားဒေ့ရှ် ဝယ်လက်၊ တရုတ်ဝယ်လက်မျှော်နေတာ။ နောက်ပိုင်းအထိ ကြက်သွန်လှောင်ထားတဲ့ ကိစ္စတစ်ခုက အများထင်သလိုဖြစ်မလာဘူး။ အကုန်ပြုတ်ကုန်ကြတယ်။ တချို့ဆို လွှင့်ပစ်လိုက်ရတယ်။ အခု ကြက်သွန်အဟောင်းပြီးလို့ အခု ၂၀၂၂ ခုနှစ် မိုးကြက်သွန်အသစ်စတဲ့အခါ တောင်သူတွေ လက်ရှိကြက်သွန်ဈေး ၅၀၀ အောက်ကျဆင်းသွားရင်တော့ စရိတ်နဲ့ အရင်းရှုံးကြမယ်။ ကြက်သွန်ဈေး ၅၀၀ အပေါ်ရမှသာ တောင်သူက အရင်းပြန်ရမယ်။ မြတ်ရင်ပါးပါးမြတ်မယ်ပေါ့။ တောင်သူတွေက မြေဆီဈေးကြီးတယ်။ သွားလာစရိတ်ဈေးကြီးတဲ့အတွက် ၅၀၀ အောက်ရောင်းရရင် ရှုံးသွားပြီ။ ကြက်သွန်စိုက်စရိတ်တောင် ရှုံးသွားရင် လာမယ့်ကြက်သွန်စိုက်ရာသီမှာ ကြက်သွန်စိုက်ဖို့ သိပ်မလွယ်ဘူးပေါ့။ နောက်ပြီး ကြက်သွန်စိုက်တဲ့နယ်တွေက အခြေအနေကမကောင်းတော့ တချို့မစိုက်ပျိုးနိုင်ကြဘူး။ မျိုးစေ့တွေက အခုချိန် အကုန်ဈေးချိုပါတယ်။လုပ်အားမရှိတာနဲ့ သွင်းအားစုကုန်တွေ ဈေးကြီးတာကြောင့် ကြက်သွန်မစိုက်နိုင်ကြဘူး။ ကြက်သွန်စိုက်ပျိုးတော့ ဘယ်ပြည်ပနိုင်ငံမှ မတင်ပို့ရတော့ ဈေးကွက်က စိုက်သလောက် ပြည်တွင်းစားသုံးမှုက ပြည့်စုံနေတော့ ကြက်သွန်ဈေးနှုန်း လောလောဆယ် ဈေးမတက်နိုင်ဘူးဖြစ်နေတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ကြက်သွန်ဈေးသိပ်မပေးဘူး။ ဈေးမပေးတော့ လက်ရှိပေါက်ဈေးနဲ့ ဘင်္ဂလားဘက်ကပေးတဲ့ဈေးက နည်းနည်းတောင် ကိုယ့်အိတ်ထဲက ပါချင်သေးတယ်။ ကိုယ့်အိတ်စိုက်နေရတယ်ပေါ့။ အရောင်းအဝယ်ကလုပ်ရင်း ပါးပါးရှုံး၊ ပါးပါးမြတ်နဲ့ အလုပ်လုပ်နေရပါတယ်” ဟု မန္တလေးမြို့ ရွှေမန်းလှကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်ကပြောကြားသည်။

မန္တလေး ကြက်သွန်နီဈေးကွက်တွင် မြစ်သားထိပ်စ ကျပ် ၇၅၀၊ မိုးကြက်သွန်ထိပ်စ ၅၅၀ ဈေး၊ မြစ်သားအောက်စ ၅၅၀ မှ ၆၀၀ ကြားဈေးရှိကြောင်း၊ မိုးကြက်သွန်အောက်စဈေးမှာ ၄၀၀ မှ ၄၅၀ကြား ဈေးရှိကြောင်းသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ကြက်သွန်နီတန်ချိန် ၈၇၈၃၂ ဒသမ ၁၆၃ တန် ပြည်ပတင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၁၉ သန်းရရှိခဲ့ကာ ၂၀၁၉-

၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၃၃၅၆၅ တန်ထိ တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၀၃ သန်းအထိ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/225342

## အကျများနေတဲ့ မတ်ပဲ၊ ပဲစင်းငုံကို အဝယ်ပြန်သွက်လာမယ်လို့ အိန္ဒိယခန့်မှန်း

မတ်ပဲ၊ ပဲစင်းငုံအပါအဝင် အဓိကပဲအမျိုးအစားတွေရဲ့ ဈေးနှုန်းတွေအကျများခဲ့တဲ့နောက်မှာ ဒီသတင်းပတ်ထဲ အဝယ်တွေ ပြန်သွက်လာမယ်လို့ အိန္ဒိယဘက်က ဈေးကွက်လေ့လာဆန်းစစ်သူတွေက ခန့်မှန်းထားပါတယ်။ ဒီအပတ်ထဲမှာ ကိုဗစ် ကန့်သတ်ချက်စည်းမျဉ်းတွေ ဖြေလျှော့လာတဲ့နောက် အိန္ဒိယနိုင်ငံအဝန်းက အစိုးရဌာန၊ ရုံးတွေ၊ လုပ်ငန်းကိုင်ငန်းတွေ၊ ကျောင်းတွေ၊ ဆိုင်တွေပြန်ဖွင့်လာတော့ မှာဖြစ်လို့ ပဲမျိုးစုံဝယ်လိုအားကလည်း ပြန်ကောင်းလာဖွယ်ရှိတယ်လို့ သုံးသပ်ရပါတယ်။ အရင်သီတင်းပတ်ကတော့ အိန္ဒိယဈေးကွက်တွေမှာ မြန်မာမတ်ပဲ၊ ပဲစင်းငုံအပါအဝင် ကာဘူလီကုလားပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ မြေထောက်ပဲ၊ စားတော်ပဲ အစရှိတဲ့ ပဲမျိုးစုံဈေးနှုန်းတွေ ကျဆင်းခဲ့ပါတယ်။

အိန္ဒိယအစိုးရက ပဲတင်သွင်းခွင့်ကို သက်တမ်းတိုးထားပြီး ဈေးကွက်မှာ အသင့်စားပဲတွေရဲ့ ဝယ်လိုအားလည်း နည်းပါးနေတဲ့အပြင် ငွေသားဖြစ်လွယ်မှုအခက်အခဲနဲ့ ပဲခွဲစက်တွေအဝယ်နည်းတာတွေကြောင့် ပဲဈေးနှုန်းတွေကျဆင်းခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

အရင်သီတင်းပတ်အထိ အိန္ဒိယနိုင်ငံအဝန်းစိုက်ပျိုးပြီး ဆောင်းပဲဧရိယာဟာ ဟက်တာ ၁၆၈.၂၇ သိန်းရှိခဲ့ပြီး မနှစ်က အလားတူကာလ စိုက်ဧရိယာဟက်တာ ၁၆၆.၁၀ သိန်းနဲ့ယှဉ်ရင် ၁.၃၁ % တိုးတက်လာတယ်လို့ လယ်စိုက်ဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

Ref: Commodity New

Source: Current Content

## ၂၀၂၂ ခုနှစ် တရုတ်အာလူးဈေးကွက် ခန့်မှန်းချက်



https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4249-potato-chinese-market.html

တရုတ်အာလူးဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် တိုးတက်လာမည်ဟု မျှော်လင့်ရပြီး ယေဘုယျအားဖြင့် ဈေးနှုန်းသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅ % မှ ၁၀% အထိ တိုးမြင့်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ဇန်နဝါရီလမှ ဧပြီလအတွင်း ဈေးကွက်ထဲသို့ အဓိကအားဖြင့် လက်ကျန်အာလူးများနှင့် ဆောင်းအာလူးများ ပေးသွင်းကြမှာဖြစ်ပါတယ်။ လက်ကျန်နည်းပါးနေခြင်း၊ ဆောင်းအာလူးစိုက်ပျိုးမှု လျော့ကျခြင်းတို့ကြောင့် အာလူးဈေးတက်မယ်လို့ သုံးသပ်ကြပါတယ်။ စစ်တမ်းအရ Yunnan မှာ ၂၀ %၊ Guizhou မှာ ၂၅%၊ Guangxi မှာ ၁၂% နှင့် Guangdong မှာ ၁၀% ဆောင်းအာလူးစိုက်ပျိုးမှု လျော့နည်းနေပါတယ်။

အာလူးအသစ်များ ၂၀၂၂ အာလူးရာသီဖြစ်တဲ့ မေလမှဒီဇင်ဘာလအတွင်း ဈေးကွက်ထဲ လှိုင်လှိုင်ဝင်ပါမယ်။ ဒါပေမဲ့ ယမန်နှစ်က အရှုံးပေါ်ထားတဲ့ စိုက်ခင်းအများစုက ယခုနှစ်မှာ အာလူးမစိုက်ကြတော့တဲ့အတွက် အထွက်နည်းပါလိမ့်မယ်။ လောလောဆယ်မှာ ၂၀၂၂ အာလူးစိုက်ပျိုးရာသီအတွက် အစေ့ဝယ်ယူကြတာ ပြီးစီးပြီဖြစ်ပြီး နေရာဒေသအချို့မှာ အစေ့ဝယ်တဲ့ ပမာဏ ယခင်နှစ်ထက် လျော့နည်းပါတယ်။ ဒီတော့ ၂၀၂၁ ထက် အာလူးစိုက်တာပိုနည်းလို့ အာလူးထွက်တာလည်း နည်းမှာဖြစ်ပါတယ်။

**Source: zgsc9550**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4249-potato-chinese-market.html

## တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ (၁) ထရီလီယံကျော်ဆောင်ရွက်နိုင်ပြီး၊ ကမ္ဘာ့ပို့ကုန်အများဆုံးတင်ပို့နိုင်သည့် အဆင့်(၈)နိုင်ငံအဖြစ် စံချိန်တင်ရပ်တည်နိုင်လျက်ရှိမှုအခြေအနေ



Photo: Yonhap

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၊ အကောက်ခွန်ဝန်ဆောင်မှုဌာနတို့မှထုတ်ပြန်သော ကုန်သွယ်မှုစာရင်းများ အရ ၂၀၂၁ ခုနှစ်၊ တစ်နှစ်တာအတွင်း ကိုရီးယားသမ္မတနိုင်ငံသည် ပို့ကုန် အမေရိကန်ဒေါ်လာ (၆၄၄.၅၃၉) ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ (၆၁၅.၀၅၇)ဘီလီယံ၊ စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ(၁၂၅၉.၅၉၆)ဘီလီယံ (သို့မဟုတ်) အမေရိကန်ဒေါ်လာ (၁.၂)ထရီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် ပို့ကုန်တွင် အမေရိကန်ဒေါ်လာ (၂၅.၇) ရာခိုင်နှုန်း၊ သွင်းကုန်တွင် (၃၁.၅) ရာခိုင်နှုန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး၊ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၂၉.၄၀၂) ဘီလီယံဆောင်ရွက်နိုင်ခဲ့သဖြင့် (၁၃)နှစ်ဆက်တိုက် ပို့ကုန်အသာစီးရရှိသည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်လျက်ရှိပြီး၊ ကမ္ဘာ့ကုန်သွယ်မှုအများဆုံးနိုင်ငံ အဆင့်(၈)တွင် ရပ်တည်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကူးစက်ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် ထိခိုက်ရသည့် ကိုရီးယားသမ္မတနိုင်ငံ၏ ကုန်သွယ်ရေး၊ စီးပွားရေးအခြေအနေသည် ၂၀၂၀ ပြည့်နှစ်၊ တတိယသုံးလပတ်ကာလမှစ၍ ပြန်လည်နာလန်ထူမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီးသည့်နောက် ၂၀၂၁ ခုနှစ်အတွင်းတွင် ပို့ကုန်များ ပိုမိုတိုးမြင့်တင်ပို့နိုင်ခြင်းနှင့် စားသုံးသူသုံးစွဲမှုနှုန်း ပြန်လည်မြင့်တက်လာခြင်းတို့ကြောင့် နိုင်ငံ၏ကုန်သွယ်မှုတိုးတက်လျက် ပုံမှန်စီးပွားရေးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ဆိုင်ရာ အခက်အခဲ၊ အကျပ်အတည်းများကို အံတုလျက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ(၁)ထရီလီယံကျော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် သမိုင်းဝင်စံချိန်တင်နိုင်သည့်နှစ်လည်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ်အတွင်း ကိုရီးယားသမ္မတနိုင်ငံမှအဓိကတင်ပို့နိုင်ခဲ့သောပို့ကုန်ပစ္စည်းများမှာ ဆီမီးကွန်ဒတ်တာ (Semiconductor)၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဓါတုပစ္စည်းများနှင့် သံမဏိ(Steel)တို့ဖြစ်ပါသည်။ ကမ္ဘာတစ်လွှား၌ ကိုဗစ်-၁၉ ကာလအတွင်း Contactless Economy အတွက် Semiconductor၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများသည် အဓိကအသုံးပြုရ၍ အဆိုပါကုန်စည်များအပေါ် ဝယ်လိုအားမြင့်ခဲ့သဖြင့် များစွာတင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင် K-wave Product များနှင့် လယ်ယာထွက်ကုန်ပစ္စည်းများသည်လည်း တိုးတက်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၂၁ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ အဓိကကုန်သွယ်ဖက်ဒေသကြီး (၉)ခုလုံးသို့ တိုးမြင့်တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အဓိကအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ယခင်နှစ်ကာလတူထက် (၂၂.၉) ရာခိုင်နှုန်းဖြင့် အများဆုံး တိုးမြင့်တင်ပို့နိုင်ခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စုသို့ (၂၉.၄) ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂသို့ (၃၃.၉) ရာခိုင်နှုန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ (၂၂.၃) ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံသို့ (၃၀.၈) ရာခိုင်နှုန်းစသဖြင့် အသီးသီးတိုးတက်တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

Source: **Ministry of Trade, Industry & Energy of Korea (MOTIE)(3-1-2022)**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ယခုနှစ်တွင် ထိုင်းနိုင်ငံ၏ စားသောက်ကုန်တင်ပို့မှု ၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ခန့်မှန်းထားခြင်း

ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာမှု၊ ကုန်ပစ္စည်းများ၊ စွမ်းအင်နှင့်ထောက်ပံ့ပို့ဆောင်ရေး ဈေးနှုန်းများမြင့်တက်လာမှုတို့ကြောင့် ယခုနှစ်အတွင်း အစားအစာပြည်ပတင်ပို့မှု ၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာဖွယ်ရှိနေကြောင်း၊ ထိုင်းအစားအစာများ၏ ပြည်ပ တင်ပို့နိုင်မှုအလားအလာမှာ ကောင်းမွန်လျက်ရှိနေကြောင်းသိရှိရပါသည်။

အမျိုးသားအစားအစာသိပ္ပံမှ ညွှန်ကြားရေးမှူး Anong Paijitprapaporn ၏ အဆိုအရ အစားအစာတင်ပို့မှုသည် ယခုနှစ်တွင် ဘတ်ငွေ(၁.၂)ထရီလီယံ ရရှိနိုင်မည်ဟုမျှော်လင့်ရပြီး အစားအစာပြည်ပတင်ပို့မှုမှာ စံချိန်သစ်တင်နိုင်ဖွယ်ရှိကြောင်း

သိရှိရပါသည်။ အဆိုပါခန့်မှန်းချက်အား အမေရိကန်တစ်ဒေါ်လာလျှင်(၃၄)ဘတ်နှုန်း၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှု (၄ ရာခိုင်နှုန်း)၊ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ(၁၀၀)နှင့် ကမ္ဘာ့အစားအစာဈေးနှုန်းမြင့်တက်မှု (၃.၅ ရာခိုင်နှုန်း) ခန့်မှန်းယူဆချက်များ အပေါ်အခြေခံ၍ ခန့်မှန်းထားခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အစားအစာပို့ကုန်တိုးတက်မှုအတွက် အဓိကအထောက်အပံ့ပေးမည့် အချက်အလက်များမှာ ကမ္ဘာပေါ်ရှိလူသားများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုပိုမိုရရှိပြီး ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာမှုတို့ဖြစ်ကြောင်း ညွှန်ကြားရေးမှူး Anong Paijitprapaporn ၏အဆိုအရသိရှိရပါသည်။ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည့် စားသောက်ဆိုင်များနှင့် ဟိုတယ်လုပ်ငန်းများအနေဖြင့် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အစိုးရ၏လုံခြုံရေးအစီအမံများကို ပိုမို၍ ဖြေလျှော့မှုများကြောင့် စိုးရိမ်မှုများလျော့ပါးလာခြင်းနှင့် ဘတ်ငွေတန်ဖိုးအားနည်းမှုတို့ကြောင့် တဖြည်းဖြည်း ပြန်လည်နာလန်ထူလာပြီဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းကုန်သည်ကြီးများအသင်းနှင့် အမျိုးသားအစားအစာသိပ္ပံနှင့် ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်တို့အနေဖြင့် ယမန် နှစ်က ထိုင်းအစားအစာပြည်ပတင်ပို့မှု (၁၁.၈ ရာခိုင်နှုန်း)မြင့်တက်ခဲ့ကြောင်းနှင့်ထိုင်းဘတ်ငွေ(၁.၁၀၇)ထရီလီယံ၊ အမေရိကန်ဒေါ်လာအားဖြင့် (၃၄.၈၉)ဘီလီယံရရှိခဲ့ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကထက်(၁၁.၅ ရာခိုင်နှုန်း)မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့အစားအစာတင်ပို့မှုတွင် (၁၃)ခုမြောက် အကြီးမားဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက် ရှိနေကြောင်း၊ ယမန်နှစ်ကကဲ့သို့မပြောင်းလဲဘဲ ဆက်လက်ရပ်တည်လျှက်ရှိနေကြောင်းသိရှိရပါသည်။ မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်သော ရလဒ်များရရှိခဲ့ခြင်းမှာ ကုန်သွယ်ဖက်နိုင်ငံများ၏ တင်းကြပ်သော ဘေးကင်းရေးအစီအမံများအား ဖြေလျှော့ပေးခဲ့မှုကြောင့် ပိုမိုကောင်းမွန်သော စီးပွားရေးဆိုင်ရာလှုပ်ရှားမှုများကိုဖြစ်ပေါ်စေခဲ့ပြီး စားသောက်ဆိုင်များနှင့် ဟိုတယ်များကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများမှ အစားအစာများပိုမိုမှာယူမှုများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ဘတ်ငွေတန်ဖိုး ကျဆင်းခြင်းကလည်း ထိုင်းအစားအစာများအား ပြည်ပသို့တင်ပို့ရန် ပိုမိုကောင်းမွန်သော ရလဒ်များကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ သို့ရာတွင် ကမ္ဘာ့ဈေးကွက်၌ ထိုင်းအစားအစာဈေးကွက်ရရှိမှုမှာ ၂၀၂၀ခုနှစ်တွင်(၂.၃၂ ရာခိုင်နှုန်း)ရရှိနေရာမှ ၂၀၂၁ ခုနှစ်တွင်(၂.၃ ရာခိုင်နှုန်း)သို့ ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ယမန်နှစ်က အမေရိကန်၊ အာဖရိက၊ သမုဒ္ဒရာပိုင်းနိုင်ငံများ၊ ဗြိတိန် တို့မှ လွဲ၍ အခြားသောဈေးကွက်များတွင် ထိုင်းအစားအစာပြည်ပတင်ပို့မှုများ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိတွင်တရုတ်နိုင်ငံသည် ထိုင်းအစားအစာတင်သွင်းမှု ဈေးကွက်ရှယ်ယာ(၂၄.၅ ရာခိုင်နှုန်း) ၊ တန်ဖိုးအားဖြင့် ဘတ်ငွေ (၂၇၁.၆၇၄)ဘီလီယံဖြင့် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျှက်ရှိကြောင်း၊ ယမန်နှစ်ကထက် (၅၉ ရာခိုင်နှုန်း) မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်တွင် လယ်ယာထွက်ကုန်များနှင့် အစားအစာကုန်ကြမ်းများ တင်ပို့မှုအနေဖြင့် ဘတ်ငွေ (၅၀၆.၉၇) ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းမှာ (၂၅.၅%)မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ စုစုပေါင်းအစားအစာ ပြည်ပတင်ပို့မှု၏ (၄၅.၈ ရာခိုင်နှုန်း)ရှိကြောင်း၊ ယမန်နှစ်ကထက်(၄၀.၈ ရာခိုင်နှုန်း)မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ပြုပြင်ထားသော အစားအစာ ပြည်ပတင်ပို့မှုမှာ ဘတ်ငွေ(၆၀၀.၄၈)ဘီလီယံရှိပြီး(၂.၄ ရာခိုင်နှုန်း) မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ စုစုပေါင်း အစားအစာ ပြည်ပတင်ပို့မှု၏(၅၄.၂%)ရှိကြောင်း၊ ယမန်နှစ်ကထက်(၅၉.၂%)ကျဆင်းသွားဖြင်းဖြစ်ကြောင်းသိရှိရပါသည်။

တိုးတက်တင်ပို့နိုင်ခဲ့သော အစားအစာများတွင် ပီလောပီနံမှုန့်(+၃၄.၃ ရာခိုင်နှုန်း)၊ ပုဇွန်(+၁၀.၈ ရာခိုင်နှုန်း)၊ အုန်းသီးထုတ်ကုန်(+၇.၇ ရာခိုင်နှုန်း)၊ ဟင်းခတ်အမွှေးအကြိုင်(+၁၃.၃ ရာခိုင်နှုန်း)၊ အသင့်စားအစားအစာ (၇.၇ ရာခိုင်နှုန်း)၊ နာနတ်သီး (+၃၁.၅ ရာခိုင်နှုန်း)တို့ဖြင့် အသီးသီးတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ဒစ်ဂျစ်တယ်လ်ဈေးဝယ်ခွင့်ကူပွန် အစီအစဉ်အသစ်ပံ့ပိုးပေးနိုင်ရန် တိုက်တွန်းပြောကြားထားခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ၂၀၂၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့ကပ် ရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ဒေသအစိုးရမှပံ့ပိုးသည့် ကိုဗစ်-၁၉ ရောဂါရိုက်ခတ်မှု သက်သာခွင့်အစီအစဉ်၏ ပထမအကြိမ် ဒစ်ဂျစ်တယ်လ်ဈေးဝယ်ခွင့်ကူပွန်

အစီအစဉ်အနေဖြင့် Octopus ၊ AlipayHK ၊ Tap & Go ၊ WeChat pay အစရှိသည့် အပလီကေးရှင်းများဖြင့်အသုံးပြုနိုင်ရန် ဒေသခံတစ်ဦးလျှင်ဟောင်ကောင်ဒေါ်လာ(၅,၀၀၀) စီ ပံ့ပိုးပေးခဲ့ကြောင်း၊ သို့ဖြစ်ရာ ယခုအကြိမ် ကိုဗစ်-၁၉ ရောဂါ ပဉ္စမလှိုင်း ကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုအားသက်သာစေရန် ဒေသခံတစ်ဦးလျှင် ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) စီ ပံ့ပိုးပေးသင့်ကြောင်း၊ ထိုကဲ့သို့ ပံ့ပိုးပေးခြင်းဖြင့် ဟောင်ကောင်ဒေသ၏ စီးပွားရေး၊ ပြည်သူများ၏ ရပ်တည်နေထိုင်နိုင်မှုနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှုန်းများ တိုးတက်လာနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၂၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Tony Cheung က " Calls Grow For A Fresh Digital Voucher Scheme" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ယခုနှစ်သည်ဟောင်ကောင်ဒေသအား ဗြိတိန်နိုင်ငံမှ တရုတ်ပြည်မကြီးသို့ ပြန်လည်လွှဲပြောင်းပေးသည့်(၂၅)နှစ်မြောက်ဖြစ်ပြီး ဟောင်ကောင်ဒေါ်လာ (၁၀,၀၀၀) ဒစ်ဂျစ်တယ်လ်ကူပွန်အစီအစဉ် ပံ့ပိုးပေးခြင်းဖြင့် ဟောင်ကောင်ဒေသ စီးပွားရေးပြန်လည်နာလန်ထူစေရန် အရှိန်မြှင့်တင်နိုင်မည့် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ပဉ္စမလှိုင်းကူးစက်ပျံ့နှံ့မှုအား လာမည့်ရက်သတ္တပတ်အတွင်း ထိန်းချုပ်နိုင်မည့်အခြေအနေမှာ သေချာမှုမရှိသောကြောင့် ဒစ်ဂျစ်တယ်လ်ကူပွန်အစီအစဉ်အသစ် ပံ့ပိုးပေးနိုင်လျှင် ဧပြီနှင့်မေလအတွက်ပါ ကြိုတင်စီစဉ်ထားရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်လ် ကူပွန်အစီအစဉ်ပံ့ပိုးပေးခြင်းဖြင့် စီးပွားရေးတိုးတက်နိုင်မှုမှာ ပမာဏအကန့်အသတ်ဖြင့်သာရှိမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ၂၀၁၉ ခုနှစ်တွင် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ စတင် ဖြစ်ပွားခဲ့သောကြောင့် ဟောင်ကောင်ဒေသအစိုးရ၏ ဘဏ္ဍာလိုငွေ ဟောင်ကောင်ဒေါ်လာ (၁၀၁.၆) ဘီလီယံရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ဟောင်ကောင်ဒေသ၏စီးပွားရေးမှာ ဆက်လက်၍ကျဆင်းခဲ့သောကြောင့် ၂၀၂၁ ခုနှစ်တွင် ဘဏ္ဍာလိုငွေ ဟောင်ကောင်ဒေါ်လာ (၂၅၇.၆) ဘီလီယံရှိခဲ့ပြီး ဘဏ္ဍာအရန်ငွေ ဟောင်ကောင်ဒေါ်လာ (၉၀၂.၇) ဘီလီယံလျော့ကျခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဘဏ္ဍာလိုငွေမှာ ဟောင်ကောင်ဒေါ်လာ (၁၀၁.၆) ဘီလီယံအောက် လျော့နည်းနိုင်သည်ဟု ခန့်မှန်းထားကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: အေးသီရိခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## STOCK EXCHANGE (9.2.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,100 | 8,300 | 8,100 | 2,170 | 17,788,000 | 33,109,694 | 271,499 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 3,000 | 2,900 | 4,009 | 11,825,050 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | -200 | -2.50% | 7,800 | 7,800 | 7,800 | 20 | 156,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,000 | 19,000 | 19,000 | 100 | 1,900,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | -100 | -3.70% | 2,750 | 2,750 | 2,600 | 4,077 | 11,190,300 | 12,823,224 | 33,340 |
| EFR | 00006 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,800 | 278 | 788,150 | 19,977,223 | 56,935 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 18 | 97,200 | 10,497,598 | 56,687 |


## Market summary

As of 9th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.08 | -3.19 | -0.83% | 379.65 | 382.47 | 379.08 | 10,672 | 43,744,700 | 7 | 659,453 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 9th Feb. 2022

| MYANPIX | 379.08 ▼ 3.19 |
|---|---|
| Total Volume (shares) | 10,672 |
| Total Value (MMK) | 44 mil |
| Listed Company | 7 |
| Market Cap. (MMK) | 659,453 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,800 | ▼ 200 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,600 | ▼ 100 |
| EFR | 00006 | 2,850 | ▲ 50 |
| AMATA | 00007 | 5,400 | ▲ 0 |